Australian Aid

World Vision

# Smart Navigator Toolkit

## ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်း

### Part F



The Vanguard Series

# အပိုင်း (စ)

## အဓိကထောက်ပံ့ပေးခြင်းအချက်များ၏ အနှစ်ချုပ်

# Part F

# Summary of Key Facilitation Points

This section is not taught to SNYC participants as part of the toolkit. It is a summary of the main points of the Smart Navigator Training Manual for SNYC facilitators to remember after they return to their communities to teach the toolkit in the SNYC.



# အပိုင်း၈ - အဓိကထောက်ပံ့ပေးခြင်းအချက်များ၏အနှစ်ချုပ်

ဤအခန်းသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများကို သင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းအဖြစ် သင်ကြားပေးခြင်း မဟုတ်ပေ။ ၎င်းသည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအတွက် သူတို့သည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တွင် သင်ရိုးညွှန်းတမ်းကို သင်ကြားရန် သူတို့၏ လူမှုအဖွဲ့အစည်းအသီးသီးသို့ ပြန်သွားသောအခါ မှတ်မိနေစေရန် ကျွမ်းကျင်သော လမ်းပြလက်စွဲစာအုပ်၏ အဓိကအချက်များ၏ အကျဉ်းချုပ်တစ်ခု ဖြစ်သည်။

# စစ်ဆေးရမည့်စာရင်း: အရွယ်ရောက်ပြီးသည့်ကောင်းမွန်သောဦးဆောင်သူများ

| အရွယ်ရောက်ပြီးသောဦးဆောင်သူတစ်ယောက်အတွက်ပိုမိုနှစ်သက်သောအရည်အသွေးများ | | |
|---|---|---|
| ပြင်ဆင်ဖို့အတွက်အချိန်လုံလောက်စွာရှိပြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကို တစ်နှစ်ခန့်လုပ်ဆောင်နိုင်သည်။ | ☐ ဟုတ် | ☐ မဟုတ် |
| လူငယ်များနှင့်အချိန်ကြာကြာကောင်းကောင်းနေနိုင်သည်; လူငယ်များနှင့်အဆက် အသွယ်များ တည်ဆောက်နိုင်သည်။ | ☐ ဟုတ် | ☐ မဟုတ် |
| လူငယ်များနှင့် အလုပ်လုပ်ရာတွင် အတွေ့အကြုံ သို့မဟုတ် သင်တန်းရှိသည်။ | ☐ ဟုတ် | ☐ မဟုတ် |
| လူ့အဖွဲ့အစည်း၏ အမျိုးမျိုးသောအဖွဲ့ဝင်များနှင့် အလုပ်လုပ်နိုင်စွမ်းရှိသည်။ | ☐ ဟုတ် | ☐ မဟုတ် |
| လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်များက ကြိုက်ကြသည် သို့မဟုတ် လေးစားကြသည်။ | ☐ ဟုတ် | ☐ မဟုတ် |
| လူငယ်များ ကြည့်မြင်နိုင်သည့် စံပြပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ | ☐ ဟုတ် | ☐ မဟုတ် |
| ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကိုဦးဆောင်ရန်ကတိပေးထားသောအလုပ်၏ မြင့်မားသောအဆင့် | ☐ ဟုတ် | ☐ မဟုတ် |
| လူငယ်များကို တက်ရောက်ဖို့ရန် တွန်းအားပေးနိုင်သည်။ | ☐ ဟုတ် | ☐ မဟုတ် |
| အခန်းများကိုပြင်ဆင်ဖို့ရန် လုံလောက်စွာတာဝန်ယူသည်။ | ☐ ဟုတ် | ☐ မဟုတ် |
| World Vision's ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို လိုက်နာမည့် သူတစ်ယောက်ဖြစ်သည်။ | ☐ ဟုတ် | ☐ မဟုတ် |
| အခြားလူများကို အကဲမဖြတ်သော မေတ္တာကရုဏာတရားကြီးမားသော သူတစ်ယောက်ဖြစ်သည်။ | ☐ ဟုတ် | ☐ မဟုတ် |
| ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာဖြင့် ကလေးငယ်တစ်ယောက်ကို အလွဲသုံးစားမပြုဖူးသူ (သင်သည် နောက်ကြောင်း စစ်ဆေးခြင်းကို လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သေချာပါစေ) | ☐ ဟုတ် | ☐ မဟုတ် |
| အရက်စွဲနေသူ သို့မဟုတ် မူးယစ်ဆေးသုံးသူတစ်ယောက် မဟုတ်သည့်အပြင် မှုခင်းကျူးလွန်ဖူးသည့် မှတ်တမ်းမရှိပါ ။ | ☐ ဟုတ် | ☐ မဟုတ် |
| (သင်သည် နောက်ကြောင်းစစ်ဆေးခြင်းကို လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်းသေချာပါစေ) | ☐ ဟုတ် | ☐ မဟုတ် |

# စစ်ဆေးရမည့်စာရင်း : ကောင်းမွန်သောလူငယ်ဦးဆောင်သူများ

| လူငယ်ဦးဆောင်သူတစ်ယောက်အတွက် ပိုမိုနစ်သက်သောအရည်အသွေးများ | | |
| --- | --- | --- |
| ကောင်းစွာကြိုက်နစ်သက်သော လူငယ်တစ်ယောက် | ☐ ဟုတ် | ☐ မဟုတ် |
| အကောင်းမြင်စံပြပုဂ္ဂိုလ် တစ်ယောက် | ☐ ဟုတ် | ☐ မဟုတ် |
| ကြင်နာတတ်ပြီး အခြားသူများကို အနိုင်မကျင့်ခြင်း သို့မဟုတ် ပျက်ရယ်မပြုခြင်း | ☐ ဟုတ် | ☐ မဟုတ် |
| ယခင်က ကိုယ့်သဘောဆန္ဒအလျောက် လုပ်အားပေးဖူးသည့် အတွေ့အကြုံရှိခြင်း | ☐ ဟုတ် | ☐ မဟုတ် |
| အခန်းအားလုံးကိုတက်ရောက်နိုင်မည့်အချိန်လုံလောက်စွာရှိခြင်း; သင်သည်အိမ်တွင် သူ သို့မဟုတ် သူမ၏မိသားစုကို အထောက်အပံ့ဖြစ်စေမည့်အလုပ်များ အလွန်အကျွံလုပ်နေရသော ကလေးဦးဆောင်သူတစ်ယောက်ကို မရွေးချယ်မိဖို့ ဂရုစိုက်ပါ | ☐ ဟုတ် | ☐ မဟုတ် |
| စာဖတ်တတ်သူ | ☐ ဟုတ် | ☐ မဟုတ် |
| ပါဝင်သူများနှင့် တူညီသော ယဉ်ကျေးမှုမှလာသူဖြစ်ခြင်း၊ ဥပမာအားဖြင့်၊ ပါဝင်သူများသည် မြန်မာနိုင်ငံမှလာသော ရွှေ့ပြောင်းသွားလာသူများဖြစ်ပါက၊ မြန်မာနိုင်ငံမှလာသောရွှေ့ပြောင်းသွားလာသူ လူငယ်တစ်ဦးကိုရွေးပါ။ | ☐ ဟုတ် | ☐ မဟုတ် |
| အခြားလူငယ်ကို မနာကျင်စေသူ သို့မဟုတ် အနိုင်မကျင့်သူ | ☐ ဟုတ် | ☐ မဟုတ် |
| **ထိခိုက်လွယ်သည့် လူငယ်များ -စစ်ဆေးရမည့်စာရင်း:**<br>ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ပါဝင်သူများသည် အောက်ပါတို့ပါဝင်သင့်သည် | ☐ ဟုတ် | ☐ မဟုတ် |
| ကျောင်းမတက်နိုင်သော သို့မဟုတ် ပြတ်တောင်းပြတ်တောင်းသာ တက်ရောက်နိုင်သော လူငယ်များ | ☐ | ☐ |
| ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ | ☐ | ☐ |
| လူနည်းစုအဖွဲ့များမှလူငယ်များ | ☐ | ☐ |
| ယောကျ်ားလေးများ နှင့် မိန်းကလေးများ အရေအတွက်တူ တစ်ခု | ☐ | ☐ |
| ထိခိုက်လွယ်သည်ဟု သတ်မှတ်ထားခံရသော လူငယ်များ | ☐ | ☐ |
| ရွှေ့ပြောင်းသွားလာပြီးဖြစ်သော အသက် ၂၀ နှစ် အောက် မွေးခြင်းရှိသည့်လူငယ်များ | ☐ | ☐ |
| အလုပ်လုပ်နေသည့် အသက် ၂၀ နှစ် အောက်မွေးခြင်းများရှိသည့် လူငယ်များ | ☐ | ☐ |
| နိုင်ငံမဲ့လူငယ်များ | ☐ | ☐ |
| ဘာသာခြားများ သို့မဟုတ် ဘာသာမဲ့များ၏ အဖွဲ့ဝင်ဖြစ်သောလူငယ်များ | ☐ | ☐ |

# စစ်ဆေးရမည့်စာရင်း: ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲ

အောက်ပါအဖွဲ့များမှ လူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ဖို့ရန် ဖိတ်ကြားသင့်သည်။

- မိဘများ/ အုပ်ထိန်းသူများ
- လူငယ်များ (ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများဖြစ်လာကြမည့်သူများ)
- လူ့အဖွဲ့အစည်းများကို ထိန်းသိမ်းနေသည့် အဓိက မည်သည့်ပုဂ္ဂိုလ်များမဆို (ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ကကူညီဖို့ရန် စိတ်ဝင်စားသည့် လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များနှင့် မိဘများ/ အုပ်ထိန်းသူများကို ၎င်းတို့၏ ကလေးငယ်များကို ပို့ပေးရန် အားပေးမည့် အထောက်အပံ့ပေးသူများ)။

| ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါအဆင့်များကို စွမ်းဆောင်နိုင်ရန် ကျိန်းသေပါစေ အရေးကြီးပုဂ္ဂိုလ်များထံသို့ သင်ရိုးညွှန်းတမ်းမာတိကာအကျဉ်းချုပ်ကို ပေးပါ။ | ✓ |
|---|---|
| အကယ်၍ မိဘများ သို့မဟုတ် လူငယ်များက ဤအသက်အရွယ်အုပ်စုအတွက် မသင့်လျော် သို့မဟုတ် ပိုမိုအသက်ကြီးသော လူငယ်များကိုသာ သင်ကြားသင့်သည်ဟု စဉ်းစားမိသော ခေါင်းစဉ်တစ်ခုခုရှိလျှင် ဆုံးဖြတ်ပါ။ | |
| အဖွဲ့အတွက် အချိန်ဇယားကို ဆုံးဖြတ်ပါ။ လိုအပ်ချက်များနှင့် လူငယ်များ၏ အချိန်ဇယားသည် အဓိကပါဝင်ပတ်သတ်သင့်ပြီး အချိန်ဇယားကို ဆုံးဖြတ်သင့်သည်။ | |
| လူမှု့အဖွဲ့အစည်းထဲတွင် တွဲဘက်များကို ဖော်ထုတ်ပါ ( ဥပမာအားဖြင့်၊ နောက်ထပ်သက်ဆိုင်သော သင်တန်းများကို ကမ်းလှမ်းနိုင်မည့် NGO များ သို့မဟုတ် တည်ရှိပြီးသောလူငယ်အဖွဲ့များ)။ | |
| ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းသင်တန်းနှင့် အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်တွင် သူတို့၏ကလေးငယ်များ ပါဝင်ဖို့ ခွင့်ပြုကြောင်းပုံစံတွင် မိဘများ/ အုပ်ထိန်းသူများ ကလက်မှတ်ထိုးပါ။ | |
| | |

# စစ်ဆေးရမည့်စာရင်း : ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တည်နေရာ

| လူငယ်အဖွဲ့တည်နေရာအတွက် စံအရည်အသွေးများ | ✓ |
|---|---|
| အနည်းဆုံးပါဝင်သူ ၂၅ ဦး အတွက် လုံလောက်စွာကြီးမားခြင်း | |
| မိုးဒါဏ် နေဒါဏ်တို့ကို အကာအကွယ်ဖြင့် ကာကွယ်ထားခြင်း | |
| အခန်းအတွင်း ရုပ်ပုံများနှင့် ခေါက်၍ရသော ဇယားကွက်တို့ကို ချိတ်ဆွဲရန် အနည်းဆုံး နံရံတစ်ဖက်ရှိခြင်း | |
| မြေပြင်ပေါ်တွင် စက်ဝိုင်းပုံပါဝင်သူများ ထိုင်ဖို့နှင့် သွေးပူလုပ်ဆောင်ချက် ကစားနည်းများကစားနိုင်ဖို့ နေရာရှိခြင်း ( ခုံစောင်းများနှင့် ကုလားထိုင်များသည် မရှိမဖြစ်လိုအပ်တာမျိုးမဟုတ်၊ သို့သော် အခန်းထဲတွင် ၎င်းတို့ရှိနေခြင်းသည် မြေပြင်ပေါ်တွင် ထိုင်ဖို့နေရာလွတ် ရှိနေသေးသမျှ ပြဿနာတစ်ခုမဟုတ်ပေ။) | |
| အဖွဲ့အပြင်ဖက်ရှိ လူများကို မကြားစေနိုင်မည့် လူငယ်များ ပွင့်ပွင့်လင်းလင်းစကားပြောဆိုနိုင်မည့် နေရာတစ်ခု | |
| ပါဝင်သူများ သက်သောင့်သက်သာနှင့် နွေးနွေးထွေးထွေးရှိမည့် နေရာတစ်ခု | |

## ကြယ်ပွင့်စနစ်

ကတိကဝတ်ပြုသော အလုပ်တစ်ခုတည်ဆောက်ရန်နှင့် တက်ရောက်သူများကို အဆင့်တိုးပေးရန်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ကြယ်ပွင့်စနစ် တစ်ခုရှိသည်။ သင်ရိုးညွှန်းတမ်းတွင် ထိုကဲ့သို့ လူထုစုပေါင်းလုပ်ဆောင်သော ဖြစ်စဉ်များကို တိုးမြှင့်ပေးရန်အပါအဝင် အခန်း ၃၁ ခန်း ရှိသည်။ ပါဝင်သူများသည် သူတို့တက်ရောက်သည့် အခန်းတစ်ခုစီအတွက် ကြယ်တစ်ပွင့်စီရရှိမည် ဖြစ်သည်။ ပါဝင်သူများထဲတွင် ကြယ်ပွင့် ၂၂ ပွင့် ရရှိသူများသည် အဆင့် ၁ အားပေးမှုဆုကို ရရှိမည်၊ ကြယ်ပွင့် ၂၆ ပွင့် ရရှိသော ပါဝင်သူများသည် အဆင့် ၂ အားပေးမှုဆုများကို ရရှိမည်ဖြစ်ပြီး အခန်း ၃၁ ခန်းလုံးကို တက်ရောက်သော ပါဝင်သူများသည် အဆင့် ၃ အားပေးမှုဆုများကို ရရှိမည်ဖြစ်သည်။

လူငယ်ဦးဆောင်သူများသည်လည်း တက်ရောက်မှုအတွက် ကြယ်ပွင့်များကို ရရှိမည်ဖြစ်သည်။

World Vision ဝန်ထမ်းနှင့် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် မည်သည်က ဤကဲ့သို့ အားပေးမှုမျိုး ဖြစ်သင့်သည်ဆိုတာကို အတူတကွ ဆုံးဖြတ်နိုင်သည်။ အားပေးမှုများအတွက် အကြံဉာဏ်များတွင် အောက်ပါတို့ ပါဝင်သင့်သည်:

- World Vision သို့ လှူဒါန်းထားသော ပြပွဲလက်မှတ်များ သို့မဟုတ် တီရှပ်များကဲ့သို့သော ပစ္စည်းများ

- ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တီရှပ်များ သို့မဟုတ် ဦးထုပ်များ

- လုံခြုံစွာ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ဆက်စပ်နေသော ဘာသာရပ်များတွင် သက်မွေးမှုသင်တန်းများအတွက် ကုန်ကျစားရိတ်ပေးအပ်ခြင်း

- ဒေသတွင် World Vision လူကုန်ကူးမှု တိုက်ဖျက်ခြင်း သို့မဟုတ် ပြန်လည်ကုသပေးခြင်းတို့တွင် ပါဝင်စေခြင်း။

ဤဆုများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုခြင်းစီအတွက် ကွဲပြားခြားနားမှု ရှိနေလိမ့်မည်။

# စာမဖတ်တတ်သောလူငယ်အတွက်ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းကိုလိုက်ဖက်ညီအောင်ပြင်ဆင်ခြင်း

သင်ရိုးညွှန်းတမ်းသည် စာဖတ်တတ်သူများအတွက် ပုံစံထုတ်ထားခြင်းဖြစ်သည်။ အကယ်၍ ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ တစ်ခုတွင် စာမတတ်မြောက်သော လူငယ်ရာခိုင်နှုန်းများနေလျှင် ၎င်းကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန်လိုအပ်သည်။ သို့သော် အကယ်၍ လိုအပ်ပါက ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တွင် အနီးစပ်ဆုံး လူငယ်၂၀ရာခိုင်နှုန်းခန့် ပါဝင်နိုင်သည်။ အကယ်၍ ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တွင် စာမဖတ်တတ်သော လူငယ်ပါဝင်သူများရှိပါက၊ အမည်စာရင်းကို အသုံးပြု၍ ဤပါဝင်သူများကို ကူညီကြောင်း သေချာအောင်ဆောင်ရွက်ပါ။

| စာမဖတ်တတ်သောလူငယ်များ | မှတ်သားထားရန် |
| --- | --- |
| အဖွဲ့တစ်ခုလုံးကို မည်သူသည် စာမဖတ်တတ်ဆိုသည်ကို မပြောကြားပါနှင့်။ | |
| စာရွက်များ(ဥပမာ IS ) ဝေပြီးသည့်အချိန်တိုင်းတွင်၊ စာမဖတ်တတ်သော ပါဝင်သူကြားစေနိုင်ရန်အတွက် ထိုစာကို ကျယ်ကျယ်နှင့် ပီသစွာ ဖတ်ပြရန် အရေးကြီးပါသည်။ | |
| ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ သင်သည်ပါဝင်သူများကို အကြောင်းအရာ ကိစ္စရပ်များ ဆွေးနွေးရန် သို့မဟုတ် ခေါက်ထားသောစာရွက်ရှည်များ လေ့ကျင့်ခန်းများ လုပ်ဆောင်ရန်အတွက် အုပ်စုများခွဲသောအခါတိုင်းတွင် ၎င်းတို့အတွက် စာတတ်သောလူငယ်က ရေးပေးနိုင်ရန်အတွက် အုပ်စုများကြားထဲတွင် စာမဖတ်တတ်သောလူငယ်ကို ခွဲထုတ်ခြင်းပြုလုပ်ရန် အရေးကြီးသည်။ | |
| သင်ရိုးညွှန်းတမ်းသည် ပါဝင်သူများအတွက် ၎င်းတို့၏ အတွေ့အကြုံများကို ပုံရိပ်ဖော်ရေးဆွဲရန်အတွက် အခွင့်အရေးများစွာကို ကမ်းလှမ်းထားသည်။ သင်သည် ပုံရေးဆွဲခြင်းသည် ရွေးချယ်ခွင့်တစ်ခု (ဥပမာအားဖြင့် နေ့စဉ်မှတ်တမ်းအခန်းတွင်) အနေဖြင့် အရေးစိုက်သင့်သည်။ | |
| အကယ်၍ လေ့ကျင့်ခန်းတစ်ခုသည် စာရွက်အပိုင်းအစပေါ်တွင် အချက်အလက်များ ရေးသားထားပြီး အိတ်ထဲတွင် ထည့်ကာ လက်ဆင့်ကမ်းခြင်းမျိုး ပါဝင်ခဲ့လျှင်၊ ၎င်းအိတ်ကို စာမဖတ်တတ်သူလက်ထဲတွင် ရပ်သွားတာမျိုး မဖြစ်အောင် သေချာ လုပ်ဆောင် သင့်သည်။ | |
| စာမတတ်သောလူငယ်သည် စာတတ်မြောက်သောလူငယ်နှင့် အတူလုပ်ဆောင် နိုင်ရန် လုပ်ဆောင်ချက် အများစုသည် လူငယ်များ ကို အတွဲများအလိုက် သို့မဟုတ် အုပ်စုများအလိုက် ဆောင်ရွက်ရန်ပြောကြားပါ။ | |

# ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကိုစောင့်ကြည့်စစ်ဆေးခြင်း

• သင်ရိုးညွှန်းတမ်း၏အစတွင် မိမိကိုယ်ကို စောင့်ကြည့်စစ်ဆေးသည့်ပုံစံများ ပါဝင်သည်။ အရွယ်ရောက်ပြီးသော FNYC ဦးဆောင်သူများသည် အခန်းတစ်ခု ပြီးဆုံးတိုင်းတွင် ဤပုံစံများကို ဖြည့်သင့်ပြီး ၄င်းတို့ကို သော့ခတ်ထားသောသေတ္တာထဲတွင် နေ့စဉ်မှတ်တမ်းများနှင့် လက်မှတ်ထိုးစာရွက်များနှင့် အတူသိမ်းထားသင့်သည်။

• World Vision ဝန်ထမ်းသည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများကို စောင့်ကြပ်ခြင်း၊ အကယ်၍ သူတို့တွင် ပြဿနာများ ကြုံတွေ့ကြရပါက ဦးဆောင်သူများကို ဖုန်းဆက်ဖို့အားပေးခြင်းနှင့် ၂ လ တစ်ခါ ဦးဆောင်သူများနှင့် အစည်းအဝေး ပြုလုပ်ခြင်းတို့ကို ပြုလုပ်ပေးသင့်သည်။

• World Vision ဝန်ထမ်းသည် ဦးဆောင်သူများနှင့် လူငယ်များအတွက် သင်ရိုးညွှန်းတမ်းပြီးဆုံးသောအခါ တစ်နေ့စာတန်ဖိုးဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်သင့်သည်။

• World Vision စောင့်ကြပ်ခြင်းနှင့် တန်ဖိုးဖြတ်ခြင်းအဖွဲ့သည် အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါတို့ကို အကဲဖြတ်ရန် အသုံးပြုဖို့ပုံစံထုတ်ထားသော ကိရိယာများကို ကူညီသင့်သည်။

- ဗဟုသုတ
- အပြုအမူပြောင်းလဲမှု
- ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့လုပ်ဆောင်ချက်များ

• World Vision ဝန်ထမ်းသည် ရလဒ်များသည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့အတွက် အနာဂါတ်အစီအစဉ်များတွင် ပေါင်းစပ်ပြီး အနာဂါတ်တွင်အသုံးပြုဖို့ သင်ရိုးညွှန်းတမ်းကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်းတွင် ရလဒ်တစ်ခု ဖြစ်လာစေဖို့ ကျိန်းသေပြုလုပ်ရန် တာဝန်ယူသင့်သည်။

# ကောင်းမွန်စွာဦးဆောင်ခြင်း

## ကောင်းမွန်စွာဦးဆောင်ခြင်းကျွမ်းကျင်မှုများ

ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အောက်ပါတို့ဖြစ်သင့်သည်

• ဆယ်ကျော်သက်များသည် အလွန်အကျွံ စိတ်ခံစားမှုများရှိတတ်ပြီး ၎င်းသည် ဖွံ့ဖြိုးကြီးထွားမှု၏ ပုံမှန်အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဆိုတာကို နားလည်သင့်သည်။

• သင်ယူခြင်းနှင့် တက်ရောက်ခြင်းကို အထောက်အကူဖြစ်စေဖို့ လူငယ်များနှင့် အကောင်းမြင်ဆက်သွယ်မှုများကို တည်ဆောက်သင့်သည်။

• သူတို့သည် မိမိ၏ကန့်သတ်ချက်များနှင့် အားနည်းချက်များကို မှတ်သားထားပြီး ထို့ကြောင့်

- ဆေးပညာဆိုင်ရာ အကြံဉာဏ်များမပေးပါနှင့်

- ၎င်းတို့နှင့်အတူလာနေဖို့ လူငယ်များကို ခွင့်မပြုပါနှင့်။

- အကယ်၍ လူငယ်များသည် အလွဲသုံးစားပြုခံရသည်ကို သတင်းပို့ခဲ့ပါက တုန့်ပြန်ချက်အစီအစဉ်ကို လိုက်နာသင့်သည်။

- ကျွမ်းကျင်သော အတတ်ပညာရှင်ပီသပါစေ။

- အကယ်၍ သူတို့သည် မေးခွန်းတစ်ခုကို အဖြေမသိပါက ရိုးသားပါစေ၊ သို့သော် အဖြေရှာဖို့ ကြိုးစားသင့်သည်။

• ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့တွင် တက်ကြွစွာပါဝင်နေဖို့ လူငယ်များကို အားပေးသင့်သည်။

• အင်တိုက်အားတိုက် စကားပြောသင့်သည်။

• လူငယ်များကို ဖွင့်ဟပြောဆိုဖို့ အားပေးသင့်သည်။

• အမှန်တကယ် ထင်မြင်ယူဆချက်များကိုဖော်ပြရန် လူငယ်များကို အားပေးသင့်သည်။

• လူငယ်များ၏ဘဝများနှင့် အခန်းများကို ဆက်စပ်ပြသင့်သည်။

• အပြုသဘောဆောင်သော စည်းကမ်းများကို အသုံးပြုသင့်ပြီး၊ လူငယ်များကို ဘယ်သောအခါမှ ရိုက်ခြင်း၊ နာကျင်စေခြင်း သို့မဟုတ် လှောင်ပြောင်ခြင်းတို့ မပြုလုပ်သင့်။

- နှုတ်ဆိတ်နေသော လူငယ်များ ပါဝင်စေပါ။

- အလွန်အကျွံစကားပြောသူများကို အချိန်ကန့်သတ်ပါ။ ဥပမာအားဖြင့်၊ ပါဝင်သူသည် စာတစ်ကြောင်းပြီးဆုံးသည် အထိစောင့်ပြီး 'ဒီအတွက်ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ မင်းကိုရပ်တန့်လိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ကျွန်ုပ်တို့မှာ အချိန်ကန့်သတ်ချက်ရှိတယ်။ ဒီအပေါ်မှာထင်မြင်ချက်ရှိသူ အခြားတစ်ယောက်ယောက်ရှိသလားလို့ ကျွန်ုပ်မေးနိုင်မလား။ ဟုပြောပါ။

- ပါဝင်သူများပြောသွားသည်များကို ပြန်လည်ချိတ်ဆက်ပါ။ ဥပမာအားဖြင့် သူမပြောခဲ့သည်ကို သင်သဘောတူသလား။

- နားထောင်ပါ။

- လူငယ်များ၏ထင်မြင်ချက်များအကြောင်း မေးခွန်းများများမေးပါ။

- ပါဝင်သူများသည် World Vision ၏တန်ဖိုးများကို သဘောထားကွဲလွဲသော ထင်မြင်ချက်များ ပေးလာသောအခါ World Vision ၏အဆင့်ကိုတင်ပြပါ။ ပထမဆုံးသဘောထားကွဲလွဲသော ထင်မြင်ချက်ကို သဘောမတူသူများအဖွဲ့ထဲတွင် တစ်စုံတစ်ယောက် ရှိသလားဟုမေးပါ၊ အကယ်၍ မပြောကြပါက၊ 'World Vision တွင် ကျွန်တော်တို့ထင်တာက...‚။'

# စိုးရိမ်စရာကောင်းသောသို့မဟုတ်လိင်ဆိုင်ရာခေါင်းစဉ်များကိုဆွေးနွေးခြင်း

• ၄င်းတို့ကို ပညာပေးခြင်းဖြင့် လူငယ်များကို ကာကွယ်ရန်အတွက် လိင်ပိုင်းဆိုင်ရာနှင့် စိုးရိမ်စရာကောင်းသော ခေါင်းစဉ်များကို သင်ရိုးညွှန်းတမ်းက ဆွေးနွေးထားသည်။

• ဦးဆောင်သူများသည် ဤအကြောင်းအရာများကို တင်ပြခြင်းမပြုမီ မိဘများ/ အုပ်ထိန်းသူများထံမှ သဘောတူညီချက်ကို မေးမြန်းပြီး ၄င်းတို့ကို ခွင့်ပြုချက်ပုံစံများတွင် လက်မှတ်ရေးထိုးဖို့ ပြောကြားပါ။

• ဦးဆောင်သူများသည် လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်း အခန်း ၇ ကို အသက်အရွယ်ကြီးသော လူငယ် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့များကိုသာ သင်ကြားဖို့ရန် ဆုံးဖြတ်နိုင်သည်။

• ဦးဆောင်သူများသည် သူတို့ ဤအခန်းကို သင်ကြားသောအခါ ယောကျ်ားလေးများနှင့် မိန်းကလေးများကို အဖွဲ့ကို သီးခြားအဖွဲ့ များအဖြစ် ခွဲထုတ်ရန် ဆုံးဖြတ်နိုင်သည်။

• ဦးဆောင်သူများသည် ခက်ခဲသော သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းစဉ်များကို စိတ်အေးအေးထား၍၊ စိတ်ခံစားမှုမပါသော လေသံဖြင့် ဆွေးနွေးရန် စွမ်းဆောင်သင့်သည်။

**သောကရောက်နေသော လူငယ်များကို တုန့်ပြန်ခြင်းနှင့် ကလေးသူငယ်ကာကွယ်ရေး**

• အခန်းတစ်ခုတွင် လူငယ်တစ်ယောက်သည် ဝမ်းနည်းမှုဖြစ်ပွားပါက၊ ဦးဆောင်သူများသည် ပိုမိုလွန်ကဲသော အာရုံစိုက်မှုများ မထားပဲ ဝမ်းနည်းမှုကို လူငယ်များကို ခံစားရန်ခွင့်ပြုသင့်ပြီး အခန်းပြီးမှ ပြန်လည်ခေါ်ယူသင့်သည်။

• အကယ်၍ လူငယ်သည် ဝမ်းနည်းပြီးအခန်းမှ ထွက်သွားရန်ဆန္ဒရှိနေခဲ့ပါက၊ သူ သို့မဟုတ် သူမကို ထိုသို့ပြုလုပ်ရန် ခွင့်ပြုသင့်သည်။

• အကယ်၍ လူငယ်တစ်ယောက်သည် သူ သို့မဟုတ် သူမသည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုပြုခြင်း ခံခဲ့ရသည်ဟု သတင်းပို့ခဲ့ပါက ဦးဆောင်သူသည် ထိုနေ့တွင်ပင် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ကြီးကြပ်သူကို ဖုန်းခေါ်သင့်ပြီး နောက်ဆက်တွဲ ခ တွင်ပါဝင်သည့် တုန့်ပြန်ချက်အစီအစဉ်အတိုင်း လိုက်နာသင့်သည်။

• ဦးဆောင်သူများသည် နောက်ဆက်တွဲ က နှင့် World Vision တွင်တွေ့နိုင်သော World Vision ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို လက်မှတ်ရေးထိုးသင့်ပြီး လိုက်နာစောင့်ထိန်းသင့်သည့်အပြင် အောက်ပါတို့ကိုလည်း လိုက်နာသင့်သည်။

- လူငယ်များနှင့် ရုပ်ပိုင်းဆိုင်ရာထိတွေ့မှု အနည်းဆုံးဖြစ်အောင်နေပါ

- လူငယ်နှင့် တစ်ယောက်တည်း ဖြစ်မနေပါစေနှင့်

- တရားမဝင်သော အပြုအမူမျိုးကို သည်းမခံပါနှင့်

- လူငယ်ကို အလုပ်လုပ်ရန်မငှားရမ်းပါနှင့်

**ပွဲစား**

ခရီးသွားခြင်းနှင့်/ သို့မဟုတ် အလုပ်တစ်ခုရှာခြင်းကို ဦးဆောင်သည့် ကြားခံကိုယ်စားလှယ်တစ်ယောက်ဖြစ်သည်။ လူတွေကို တစ်နေရာမှတစ်နေရာသို့ ခရီးသွားရန်၊ အလုပ်ရှာသူများအတွက် အလုပ်ရှာပေးရန်နှင့် အလုပ်ပိုင်ရှင်များကို အလုပ်သမားများရှာပေးရန် ကူညီသောသူကိုဖြစ်သည်။ တရားဝင်နှင့် တရားမဝင်ပွဲစားများ နှစ်မျိုးလုံးရှိသည်။ ပွဲစားအားလုံးသည် လူကုန်ကူးသူများ မဟုတ်ပေ။

ကလေးသူငယ်အခွင့်အရေး

လူငယ်များ၏ လူ့အခွင့်အရေး၊ အထူးကာကွယ်ခြင်းနှင့် ကလေးများကို ဂရုစိုက်ပေးမှုတို့ကို အခွင့်အရေးရရန် အထူးအာရုံစိုက်မှုနှင့်အတူ သူတို့၏ ကာကွယ်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ပူပေါင်းပါဝင်ခွင့်နှင့် ရှင်သန်ခွင့်။

ကလေးသူငယ်လိင်ခရီးသွားလုပ်ငန်း

လူငယ်များကို ပြည့်တန်ဆာလုပ်ခြင်းတွင်ငှားရန် ရည်ရွယ်ချက်ဖြင့် ခရီးသွားလုပ်ငန်း၊ ၎င်းမှာ စီးပွားရေး အထောက်အကူပြု ကလေးသူငယ် အလွဲသုံးစားပြုခြင်း ဖြစ်သည်။

ညီလာခံသဘောတူညီချက်

ကိစ္စရပ်တစ်ခုပေါ်တွင် နိုင်ငံတကာသဘောတူညီချက် တစ်ခု။ ဥပမာအားဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်။

CRC

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ညီလာခံ သဘောတူစာချုပ်။ လူငယ်များကို အကာအကွယ်ပေးသည့် နိုင်ငံတကာဥပဒေ။

ရည်မှန်းချက်နိုင်ငံ

ဤသင်ရိုးညွှန်းတမ်းထဲတွင် ရည်မှန်းချက် နိုင်ငံတစ်ခုကိုလူတို့သည့် အလုပ်ရှာဖွေရန် ပြောင်းရွှေ့လာသောနိုင်

ခေါင်းပုံဖြတ်ခြင်း

လူတစ်ယောက်ကို အခြားသူများအကျိုးအတွက် အသုံးချခြင်း။ 'အကျိုးရယူခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာ အကျိုးရလိုမှုအတွက် တစ်စုံတစ်ယောက်ကို နှိပ်စက်ခြင်း။ သူ သို့မဟုတ် သူမ၏ မိဘများ၏ အကြွေးများကို ပေးရန်အတွက် ကလေးတစ်ယောက်ကို အလုပ်လုပ်ခိုင်းခြင်း သို့မဟုတ် လူငယ်များကို အန္တရာယ်ရှိသော သို့မဟုတ် တရားမဝင်သော (ကလေးပြည့်တန်ဆာလုပ်ခြင်း) အလုပ်များကို အခြားသူတစ်ယောက် ပိုမိုကောင်းစားစေရန် လုပ်ခိုင်းခြင်း။ ၁၁

၁၁ UNICEF
အပြစ်မဲ့သုတေသနစင်တာ၊ ကလေးများရောင်းချခြင်း၊ ကလေးပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ကလေးညစ်ညမ်းပုံတွင် ရွေးချယ်နိုင်သည့် ပရိုတိုကောအတွက် လက်ကိုင်စာအုပ် ( ဖလော်ရင့်၊ အီတလီ: UNICEF, ဖေဖော်ဝါရီ ၂၀၀၉)၊ ၆။ ရနိုင်သောနေရာ www.unicef-irc.org/ publications/ pdf/ optional_ protocol_eng.pdf.

၁၂ တရားဝင်အမည်မှာ
'အထူးသဖြင့် မိန်းမများနှင့် ကလေးများ လူကုန်ကူးခြင်းကိုကာကွယ်ရန်၊ ဖိနှိပ်ရန်နှင့် အပြစ်ပေးရန်၊ နိုင်ငံဖြတ်ကျော် ဖွဲ့စည်းထားသော မှုခင်းဆန့်ကျင်ရေး ကုလသမဂ္ဂညီလာခံကို ဖြည့်စွက်ခြင်း' အခန်း ၁၈၊ ၁၂ က ( နယူးယောက်: ၁၅ နိုဝင်ဘာ၂၀၀၀)။ ၎င်းကို treaties.un.org/Pages/ViewDetails.aspx။src=TREATY&mtdsg_no=XVIII-12-a&chapter=18&lang=en. တွင်ဝင်ရောက်ကြည့်နိုင်သည်။

လူ့အခွင့်အရေးများ

၎င်းတို့သည် လူသားများဖြစ်သောကြောင့် အားလုံးသော တစ်ဦးချင်းစီပိုင်ဆိုင်သည့် အခွင့်အရေးများ၊ အခြေခံလွတ်လပ်ခွင့်နှင့် အသက်ရှင်ဖို့၊ ဖွံ့ဖြိုးကြီးထွားဖို့နှင့် လူထုထဲတွင် ပူးပေါင်းပါဝင်ဖို့ အခွင့်ရရန် သူတို့လိုအပ်သည်တို့ကို ရရှိခွင့်တို့အပါအဝင် ဖြစ်သည်။ အရွယ်ရောက်ပြီးသူများတွင် အခွင့်အရေးရှိပြီး ကလေးများတွင်လည်းရှိရမည်။

လူမှောင်ခိုကူးခြင်း

ဦးဆောင်ခြင်း၊ ပို့ဆောင်ပေးခြင်းသို့ လူတစ်ယောက် သို့မဟုတ် လူများ၏ အခြားတိုင်းပြည်၏ ဥပဒေကို ချိုးဖောက်၍ နိုင်ငံတကာနယ်စပ်မျဉ်းကို ဖြတ်ပြီး တရားမဝင် ဝင်ရောက်ခြင်း။

ပုံမှန်မဟုတ်သော

လူတစ်ယောက်သည် တရားမဝင်သောနည်းလမ်းများကို အသုံးပြုပြီး အခြားနေရာတစ်ခုသို့ ရွှေ့ပြောင်းသောအခါ တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားသော

ရွှေ့ပြောင်းသွားလာခြင်း

လူတစ်ယောက်။ ဤသင်ရိုးညွှန်းတမ်းထဲတွင် ရွှေ့ပြောင်းသွားလာသူဆိုသည်မှာ အလုပ်အတွက် ပြောင်းရွှေ့သွားသောသူကို ဖော်ပြသည်။ သူငယ်ချင်းများမှ လူမှုရေးဖိအားသည်

ရွှေ့ပြောင်းသွားလာခြင်း

လူတစ်ယောက်အပေါ် သက်ရောက်မှု သို့မဟုတ် သက်တူရွယ်တူအဖွဲ့နှင့် ညီညွှတ်စေရန် တန်ဖိုးတစ်ခုကို ပြောင်းလဲသည်။

သက်တူရွယ်တူများ၏ဖိအား

လူကုန်ကူးခြင်းကိုကာကွယ်ရန်နှင့် တားဆီးရန်နှင့် လူကုန်ကူးခြင်းကို ရပ်တန့်ဖို့ အတူတကွ အလုပ်လုပ်ရာတွင် နိုင်ငံများကို ကာကွယ်ဖို့ရန်အတွက် နိုင်ငံတကာသဘောတူညီမှု တစ်ခု

ပါလာမိုပရိုတိုကောလ်၁၂

ဖြစ်သည်။ ၎င်းတွင် ထိုနိုင်ငံများလူကုန်ကူးခြင်းကို တားဆီးရန်နှင့် ဒုက္ခသည်များကို မည်ကဲ့သို့ ကာကွယ်ရမည်ဆိုတာကို အရေးယူလုပ်ဆောင်ဖို့ရန်အကြံဉာဏ်များ ပါဝင်သည်။

လိင်ကုန်ကူးခြင်း

လူကုန်ကူးခြင်း (အောက်တွင် အဓိပ္ပာယ်သတ်မှတ်ထားသကဲ့သို့)ဖြင့် လိင်လုပ်ငန်းစီးပွားရေး လုပ်ဆောင်မှုကို ဖြစ်ပွားစေသောအခါ လိင်ကုန်ကူးခြင်းကို တွေ့ကြုံရသည်။

| | |
|---|---|
| လူမှောင်ခိုကူးခြင်း<br>လူကုန်ကူးခြင်း | အောက်ဖော်ပြပါတို့မှာ လူကုန်ကူးခြင်းအတွက် ပါလာမိုပရိုတိုကောလ်၏ အဓိပ္ပာယ်သတ်မှတ်ချက်ဖြစ်သည်။ သို့သော်၊ နိုင်ငံအသီးသီးတွင် လူကုန်ကူးခြင်းကို ၎င်းတို့ကိုယ်ပိုင် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှိကြသည် (Smart Navigator Booklet စာမျက်နှာ ၅ ကို ကြည့်ပါ)။ လူကုန်ကူးခြင်း: (က) လူသစ်စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ လက်ခံထားခြင်း၊ ခြိမ်းခြောက်ခြင်းအားဖြင့် သို့မဟုတ် တွန်းအားပေးခြင်း သို့မဟုတ် အခြားသော အကျပ်ကိုင်မှုပုံစံများဖြင့်၊ အတင်းအဓမ္မ သွေးဆောင်ခြင်း၊ အယောင်ဆောင်ခြင်း၊ အာဏာကိုအလွဲသုံးစားပြုခြင်း သို့မဟုတ် ထိခိုက်လွယ်မှုအနေအထားအရ သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လစာများလက်ခံခြင်း သို့မဟုတ် အခြားလူတစ်ဦးပေါ် ထိန်းချုပ်ထားသော လူတစ်ဦးထံမှ ခွင့်ပြုချက်ရရှိရန် အကျိုးကျေးဇူးများ၊ ခေါင်းပုံဖြတ်ခြင်းအတွက် ရည်ရွယ်ခြင်းဖြစ်သည်။ ခေါင်းပုံဖြတ်ခြင်းတွင် အနိမ့်ဆုံးအားဖြင့် အခြားလူများ၏ ပြည့်တန်ဆာလုပ်ခြင်းတွင် ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် အခြားသောပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အတင်းအကျပ်လုပ်အားပေးခိုင်းခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်ခိုင်းခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ပြုခြင်းနှင့် ဆင်တူရိုးမားတွင် လက်တွေ့လုပ်ဆောင်ခြင်း၊ သူ့ကျွန်လုပ်ခိုင်းခြင်း သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖယ်ရှားခြင်းတို့ပါဝင်သည်။ |
| ကလေးသူငယ်လူကုန်ကူးခြင်း | ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် လူသစ်စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ လူငယ်တစ်ယောက်ကို လက်ခံခြင်းကို လူကုန်ကူးခြင်း အဓိပ္ပာယ်သတ်မှတ်ခြင်း ဆိုလိုချက်တွင် မည်သည့်အချက်မှ မပါဝင် သို့မဟုတ် ၎င်းသည် ကိုယ့်သဘောဆန္ဒအလျောက်လား သို့မဟုတ် အတင်းအကြပ်လုပ်ခိုင်းသလား မည်ကဲ့သို့ ၎င်းကို တွေ့ရသည်ကို ဂရုစိုက်စရာမလိုသည့်တိုင်အောင် လူကုန်ကူးခြင်း အဖြစ်ယူဆနိုင်သည်။ |
| လူကုန်ကူးသူ | အခြားလူများကို လူကုန်ကူးသည့်လုပ်ငန်းကို လုပ်ကိုင်သည့် လူတစ်ယောက်ကို လူကုန်ကူးသူ ဟုခေါ်သည်။ တမင်လူသစ်စုဆောင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ လူတစ်ယောက်ကို ထိန်းချုပ်ထားခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းမှ အကျိုးကျေးဇူးရယူသော လူတစ်ယောက်ဖြစ်သည်။ |
| ကုလသမဂ္ဂ (UN) | UN ကို ဒုတိယကမ္ဘာစစ်ပြီးနောက် ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးနီးပါးအတွက် ၎င်းတို့ အားလုံးကို အကျိုးသက်ရောက်မှုရှိမည့် အရေးကိစ္စများကို ဆွေးနွေးရန်နှင့် ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းတစ်ခုကို ဖြည့်ဆည်းပေးဖို့ဖန်တီးခဲ့သည်။ (အဖွဲ့ဝင်များအားလုံး အတူတကွ စုစည်းခြင်းကို UN အထွေထွေညီလာခံဟု ခေါ်သည်။) အကယ်၍ သင်သည် UN အကြောင်း ပိုမိုရှာဖွေလိုပါက http://www un org UN သို့သွားရောက်ပါ။ |

၁၃ UNICEF ၊
ကလေးများရောင်းချခြင်း၊ ကလေးပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ကလေးညစ်ညမ်းပုံတွင် ရွေးချယ်နိုင်သည့် ပရိုတိုကောအတွက် လက်ကိုင်စာအုပ်၊ ၆။

# နောက်ဆက်တွဲက:World Vision နိုင်ငံတကာကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ

(၂၆ဇန်နဝါရီ၂၀၀၇)

ရည်ရွယ်ချက်: ၄င်း၏တာဝန်ယူနိုင်မှုနှင့် ၄င်းက အစေခံနေသည့်ကလေးများနှင့် မိသားစုများကို ကာကွယ်ဖို့ရန် ကတိပြုထားသော အလုပ်အပေါ်တွင် World Vision နိုင်ငံတကာ (WVI) ၏ မူဝါဒတည်ထောင်ရန်နှင့် အကြမ်းဖျဉ်းဖော်ပြရန်။

**အတိုင်းအတာ**၊ ဤမူဝါဒကို WVI ဝန်ထမ်းအားလုံး ( အချိန်ပြည့်၊ အချိန်ပိုင်း၊ အချိန်တို၊ ယာယီနှင့် စာချုပ်ချုပ်ဆိုထားသော အလုပ်သမားများ စသည့်ကန့်သတ်ချက်များ မပါဝင်ပဲ အားလုံးသော အလုပ်အကိုင်အဆင့်အတန်းများအားလုံး ပါဝင်သည်)၊ လွတ်လပ်သော စာချုပ်ချုပ်ဆိုထားသူများ [အတိုင်ပင်ခံများ]၊ အလုပ်သင်နှင့် ကိုယ့်ဆန္ဒအလျောက် မိတ်ဖက်ရုံးများတွင် လုပ်အားပေးသူများတွင် အသုံးပြုသည်။

**မူဝါဒ:** ဤမူဝါဒသည် မတ်၂၊၂၀၀၀ တွင် အတည်ပြုခဲ့သော 'ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအတွက် World Vision မိတ်ဖက်လုပ်ငန်းများမူဝါဒ' ဟု ခေါင်းစဉ်တပ်ထားသော WVI ဘုတ်အဖွဲ့ မူဝါဒအပေါ်တွင် အခြေပြုထားသည်။

ဤမူဝါဒနှင့် World Vision ၏ လုပ်ငန်း၏ရည်ရွယ်ချက်အတွက်၊ ကလေးသူငယ်ဟူသည် အသက် ၁၈ နှစ် အောက် မည်သူကိုမဆို အဓိပ္ပာယ်သတ်မှတ်သည်။ **အပြည်ပြည်ဆိုင်ရာ** World Vision (WVI) သည် ကမ္ဘာတစ်ဝှမ်းရှိ ကလေးသူငယ်များ၏ သက်သာချောင်ချိရေးကို ပြုလုပ်ရန် ကတိပြုထားသည့် နိုင်ငံတကာ မိတ်ဖက်လုပ်ငန်းတစ်ခုဖြစ်သည်။ World Vision သည် ကလေးသူငယ် လိင်အလွဲသုံးစားလုပ်ခြင်းအပါအဝင် ကလေးသူငယ်ခေါင်းပုံဖြတ်ခြင်းနှင့် ကလေးသူငယ်အလွဲသုံးစားလုပ်ခြင်း ပုံစံအားလုံးကို ဆန့်ကျင်သည်။ World Vision အဖွဲ့အတွင်းရှိ လူများအပါအဝင် ကလေးသူငယ်အကာကွယ်ပေးရေးကိစ္စ စွမ်းရည်ရှိနိုင်သော ဗဟုသုတရှိသည့်မည်သူမဆိုသည် ကလေးသူငယ် အကာအကွယ်ပေးရေး ပူးပေါင်းဆောင်ရွက်သူနှင့် အလုပ်လုပ်ဆောင်မည့် လူသားအရင်းမြစ်ဆိုင်ရာ အုပ်ချုပ်သူ PO ကို ချက်ချင်းဆက်သွယ်ပါ။

**၁။ ကလေးများကာကွယ်စောင့်ရှောင့်ရေးအတွက် ဂရုပြုမှုမြင့်တက်လာခြင်းနှင့် တာဝန်ယူမှုအတွက် ထုတ်ပြန်ချက်**

WVI သည် မိတ်ဖက်ရုံးများအားလုံးအတွက် အချိန်ပိုင်းအလိုက် ပြဌာန်းထားသော သင်တန်းအခန်းများ/ နှစ်ဝက်ဆွေးနွေးပွဲများကို တင်ပြလိမ့်မည်။ (PO) ဝန်ထမ်းသည် ကလေးသူငယ်များကို ခေါင်းပုံဖြတ်ခြင်းနှင့် ဆက်စပ်နေသောအရေးကိစ္စရပ်များကို ဂရုပြုမှု မြှင့်တင်ပေးသည်။ ထိုသင်တန်းသည် ဝန်ထမ်းအဆင့်အတန်း အားလုံးအတွက် ပြဌာန်းထားသည်။ သင်တန်းတွင် ကလေးသူငယ် အလွဲပြုခံရခြင်း၏ အညွှန်းကိန်းများနှင့် ဂရုပြုမှုများ၊ အလွဲသုံးပြုမှုဟု စွပ်စွဲခံရလျှင် သို့မဟုတ် သံသယဖြစ်ခံရလျှင် အတည်ပြုရမည့် လုပ်ငန်းစဉ်များ၊ သတင်းအချက်အလက်လုံခြုံရေးတို့ ပါဝင်သည်။ PO

လူသားအရင်းမြစ်များ ညွှန်ကြားရေးမှူးနှင့် ဥပဒေသည် ကလေးသူငယ်အကာအကွယ်ပေးရေး ပူးပေါင်းဆောင်ရွက်သူနှင့် အတူ မူဝါဒကို ပြန်လည်ဆန်းစစ်ရန်နှင့် လိုအပ်သော အကြောင်းအချက်အတိုင်း နောက်ဆက်တွဲ သင်တန်းအခန်းများ ကျင်းပနိုင်ဖို့ကို ပြုလုပ်ကြလိမ့်မည်။

အားလုံးသော World Vision အလုပ်သမားများ၊ ကိုယ့်သဘောဆန္ဒအလျောက် လုပ်အားပေးသူများ၊ အလုပ်သင်များ၊ လွတ်လပ်သော အတိုင်ပင်ခံများနှင့် နိုင်ငံတကာ World Vision / မိတ်ဖက်လုပ်ငန်းရုံးများ ပါဝင်သော ဘုတ်အဖွဲ့ဝင်များကို ကလေးသူငယ် အကာအကွယ်ပေးရေးမူဝါဒကို အထောက်အပံ့ပေးရန်နှင့် သင်တန်းတက်ရောက်မှုအတွက် ကတိပြု အလုပ်လုပ်ကြရန် လက်မှတ်ရေးထိုးဖို့ ပြောကြားရမည်။

ဖြည့်ပြီးသောပုံစံများကို WVI အလုပ်ခန့်ထားရေးသို့ ပြန်လည်ပေးပို့ရမည်။

## ၂။ World Vision နိုင်ငံတကာအပြုအမူ ပရိုတိုကောလ်လမ်းညွှန်များ

အားလုံးသော WVI ဝန်ထမ်းများ၊ ကျောက်ထားသူများ၊ ကိုယ့်သဘောဆန္ဒအလျောက် လုပ်အားပေးသူများ၊ အလုပ်သင်များ၊ လွတ်လပ်သော အတိုင်ပင်ခံများနှင့် ဘုတ်အဖွဲ့ဝင်များသည် ပြုမူဆောင်ရွက်ချက်များအတွက် အဓိပ္ပာယ်သတ်မှတ်ထားသော လမ်းညွှန်ချက်များကို လိုက်နာရန်မျှော်လင့်ထားရမည်။

က။ အားလုံးသောကလေးများကို လေးစားမှုနှင့် ဂုဏ်သိက္ခာနှင့် အတူဆက်ဆံရမည် (နားထောင်ပါ)

ခ။ WV လုပ်ငန်းများကို လေ့လာသူများနှင့် ကိုယ့်သဘောဆန္ဒအလျောက် လုပ်အားပေးသူများအားလုံးသည် တာဝန်ပေးထားသော WV ဝန်ထမ်းအဖွဲ့ဝင်တစ်ယောက်နှင့် အမြဲတမ်း ပူးပေါင်းလုပ်ဆောင်ရမည်။

ဂ။ ဒေသခံ သို့မဟုတ် ဌာနေသတ်မှတ်ချက်များ ဘာသာစကားတွင် တစ်ဦးချင်းရင်းနှီးကျွမ်းဝင်မှု၊ အပြန်အလှန်ပြောကြားမှုနှင့် ရုပ်ပိုင်း ဆိုင်ရာရင်းနှီးမှုနှင့် ၎င်းတို့ကို စောင့်ကြည့်မှုတို့ကို အမှားအယွင်းမဖြစ်ပါစေနှင့်။

ဃ။ အကယ်၍ ကလေးကရုပ်တန့်ရန် ပြောကြားခဲ့လျှင် သို့မဟုတ် တုန့်ပြန်မှုနှင့် ပတ်သတ်၍ စိတ်မသက်မသာ ဖြစ်လာခဲ့လျှင် ကလေးနှင့် ပတ်သတ်သည့် မည်သည့်တုန့်ပြန်မှုကိုမဆို ရပ်တန့်လိုက်ပါ။

င။ သင်က ဓာတ်ပုံရိုက်လိုလျှင် ကလေးနှင့် မိဘများ/ အုပ်ထိန်းသူများထံမှ အမြဲတမ်းခွင့်ပြုရန် မေးမြန်းပါ။

စ။ ခန္ဓာကိုယ်ရှိ လိင်ပိုင်းဆိုင်ရာနေရာများကို မထိပါနှင့်၊ သို့မဟုတ် ကလေးတစ်ယောက်နှင့် လိင်မဆက်ဆံပါနှင့်။

ဆ။ လိင်ပိုင်းဆိုင်ရာ ပစ္စည်းအသုံးအဆောင်များကို သူတို့နှင့် မထိတွေ့ပါစေနှင့် သို့မဟုတ် ထိတွေ့မှုမရှိသော လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်ဖြင့် သူတို့ကို အလွဲသုံးစားမပြုပါနှင့်။

ဇ။ ကလေးတစ်ယောက်နှင့်အတူ အခြားလူကြီးတစ်ယောက်၏ မြင်ကွင်းတွင် အမြဲတမ်းရှိနေပါစေ။ ဤသည်မှာ ကလေး တစ်ယောက်တည်းနှင့် အချိန်မဖြုန်းပါနှင့်။ ၎င်းသည် ကလေးကိုကာကွယ်ခြင်းနှင့် လွဲမှားစွာ စွပ်စွဲခြင်းမှ သင့်ကို ကာကွယ်ခြင်း ဖြစ်သည်။

ဈ။ WV ဝန်ထမ်းသည် အိမ်မှုကိစ္စကူညီရန် ကလေးများကို မငှားရမ်းရပါ သို့မဟုတ် ကလေးတစ်ယောက်ကို ခေါင်းပုံဖြတ်သော လုပ်အားပေးရသည့် အခြေအနေများတွင် မထားရှိရပါ။ ကလေးများသည် ပညာသင်ကြားဖို့နှင့် ကစားဖို့ရန် အခွင့်အရေးရှိသည်။

ည။ ကလေးတစ်ယောက်ကို ပါးရိုက်ခြင်း သို့မဟုတ် ရိုက်နှက်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အနိုင်အထက်ပြုခြင်းကို မည်သည့် ကလေးကို မျှမပြုလုပ်ရပါ။

ဋ။ မည်သည့်ကလေးကိုမဆို စိတ်ဓာတ်အရနှင့်/ သို့မဟုတ် စကားပြောဆိုခြင်းအရ အနိုင်အထက်ပြုမှု မလုပ်ရပါ။

ဌ။ အကယ်၍ ကလေးသည် သွေးဆောင်ဖြားယောင်းသည့် အပြုအမူမျိုးပြုလုပ်ခဲ့လျှင်တောင် လူကြီးများသည် ကလေးများနှင့် သူတို့၏ အပြုအမူအတွက် အမြဲတမ်းတာဝန်ယူရမည်။

## ၃။ အကျိုးခံစားရသူများကို ကာကွယ်ရန်အတွက် World Vision နိုင်ငံတကာအဆင့်အတန်းများ

လိင်ပိုင်းဆိုင်ရာအပြုအမူများ၏ အောက်ဖော်ပြပါစည်းမျဉ်းများသည် အကျိုးခံစားရသူများ (လူကြီးများနှင့်/ သို့မဟုတ် ကလေးများ) ကိုကာကွယ်ရန်အတွက် နိုင်ငံတကာအဆင့်အတန်းများ အဓိကအချက်များကို ဖော်ပြထားပြီး ဤမူဝါဒ၏ ပေါင်းစပ်ထားသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ယူဆနိုင်သည်။

က။ မည်သည့် WV သို့မဟုတ် မည်သည့်အကျိုးခံစားရသူများ (လူကြီး သို့မဟုတ် ကလေး) ၏ လူသားချင်းစာနာထောက်ထားမှု ဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းသည် ကြီးမားသောအလွဲ ကြီးကြပ်မှုအပြုအမူဖြစ်ပြီး ထို့အတွက်ကြောင့် အလုပ်ဖြုတ်ပြစ်သည်။

ခ။ မည်သည့် WV သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလုပ်သမားများနှင့် ကလေးတစ်ယောက် (အသက် ၁၈ နှစ် အောက်) တို့အကြား လိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှု၊ သို့မဟုတ် မည်သည့်အကျိုးခံစားရသူများမဆို လူအများစု၏ အသက်အရွယ်သတ်မှတ်ကို မသိရှိခြင်း သို့မဟုတ် ဒေသန္တရခွင့်ပြုသည့် အသက်ကို မသိရှိခြင်းကြောင့်ဖြစ်စေဆိုသည့် အကြောင်းပြချက်ဖြင့် ကျူးလွန်မိသည်ဆိုသည့် အကြောင်းပြချက်မျိုးကို လက်မခံပါ။ ပြင်းထံစွာ အရေးယူခံရပါမည်။ ထို့ကဲ့သို့သော ကိစ္စရပ်များတွင်၊ WVI သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများမှ ကလေးတစ်ယောက်၏ အသက်သည် အပြုအမူကို ပြုပြင်ရာတွင် သို့မဟုတ် အလုပ်ဖြုတ်ရာတွင် အကာကွယ်တစ်ခုမဟုတ်ဟု မှားယွင်းစွာ ယုံကြည်နိုင်သည်။

ဂ။ ပိုက်ဆံလဲလှယ်ခြင်း၊ အလုပ်ခန့်အပ်ခြင်း၊ ကုန်ပစ္စည်းများ သို့မဟုတ် လိင်အတွက်ဝန်ဆောင်မှုများ ( လိင်ပိုင်းဆိုင်ရာ မျက်နှာသာပေးခြင်း သို့မဟုတ် အခြားအရှက်ရဖွယ်ပုံစံများ၊ အဆင့်နှိမ့်ချခြင်း သို့မဟုတ် ခေါင်းပုံဖြတ်သည့် အပြုအမူ) ကို တင်းကျပ်စွာ တားမြစ်ထားပြီး၊ ပြစ်ဒဏ်မှာ အလုပ်ဖြုတ်ခြင်းဖြစ်သည်။ ဤတွင် အမွေခံတို့ကြောင့် ရှိပြီးသော လက်ထောက်ကို ပြောင်းလဲခြင်း တို့ပါဝင်သည်။

ဃ။ မည်သည့် WV သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများနှင့် အကျိုးခံစားရသူများတို့အကြား လိင်ပိုင်းဆိုင်ရာ ဆက်သွယ်ချက်ထားရှိခြင်းသည် လက်မခံနိုင်ဖွယ်ရာဖြစ်ပြီး သူတို့သည် ပင်ကိုယ်အားဖြင့် အင်အားမတူညီသော အခြေအနေများ အပေါ်တွင်အခြေပြုခဲ့သဖြင့် ခွင့်လွှတ်မည်မဟုတ်ပေ။ ထိုကဲ့သို့သော ဆက်သွယ်ချက်မျိုးသည် WV ၏ လူသားချင်းဆိုင်ရာ ရည်ရွယ်သောအလုပ်၏ လက်ခံနိုင်စွမ်းနှင့် တည်မြဲမှုတို့ကို ဆုံးဖြတ်ပေးသည်။

င။ WV သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းတစ်ယောက်သည် အခြားဝန်ထမ်းတစ်ဦးနှင့် ပတ်သက်နေသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော လိင်ပိုင်းဆိုင်ရာအလွဲသုံးပြုမှု သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းနှင့် သက်ဆိုင်မှုတစ်ခုဖြစ်နေသည်ကို အေဂျင်စီတစ်ခုတည်းတွင် ဖြစ်ဖြစ် မဖြစ်ဖြစ်၊ သူမ/ သူသည် ထိုကိစ္စကို WV ၏ ထုတ်ပြန်ထားသော WV အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းမှတဆင့် အစီရင်ခံရမည်ဖြစ်သည်။

စ။ အားလုံးသော WV ဝန်ထမ်းများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးပြုမှုကို ကာကွယ်ပေးသော ပတ်ဝန်းကျင်တစ်ခုကိုဖန်တီးပြီး ထိန်းသိမ်းရန်နှင့် WV ၏ စီမံခန့်ခွဲမှုကျင့်ဝတ်များကို တိုးမြှင့်ပေးရန် တာဝန်သက်ရောက်မှုရှိသည်။ အဆင့်အသီးသီးမှ WV မန်နေဂျာများသည် ဤပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်စနစ်ကို အထောက်အပံ့ပေးရန်နှင့် ဖွံ့ဖြိုးစေရန် အထူးတာဝန်ရှိသည်။

## ၄။ World Vision စီမံကိန်းများသို့ လည်ပတ်ခြင်း

မည်သည့်ဝန်ထမ်းအဖွဲ့ဝင်၊ ဘုတ်အဖွဲ့ဝင်၊ သို့မဟုတ် World Vision စီမံကိန်းကိုလေ့လာမည့် WVI ၏ လေ့လာသူတို့သည် အောက်ပါတို့ပါဝင်သင့်သည့် ဒေသန္တရအပြုအမူဆိုင်ရာ ပရိုတိုကောလ်များ၏ အကြံပေးမှုကိုလက်ခံရမည်။

က။ WV စီမံကိန်းများကို လည်ပတ်ခြင်းသည် ကြိုတင်စီမံခြင်းနှင့် ကြိုတင်ခွင့်ပြုခြင်းရှိရမည်။

ခ။ WVI ဝန်ထမ်းအဖွဲ့ဝင်တစ်ယောက်သည် ဧည့်သည်များ (ခလေးသူငယ်များကို ထောက်ပံ့သူများ၊ အလှူရှင်များ၊ လုပ်ငန်းနှင့် သက်ပတ်သက်သူများ) ကို စီမံကိန်းတစ်ခုသို့ ခေါ်သွားသောအခါ၊ WV ဝန်ထမ်းအဖွဲ့ဝင်တစ်ယောက်သည် ဧည့်သည်များနှင့် အချိန်ပြည့်လိုက်ပါရမည် ဖြစ်သည်။

ဂ။ ကြိုတင်ခွင့်မတောင်းထားသော သို့မဟုတ် ကြိုတင်မစီစဉ်ထားသော ဧည့်သည်များကို စီမံကိန်းသို့ ဝင်ရောက်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။

ဃ။ WVI သည် ကလေးများကို အလှူရှင်များ၊ ခလေးသူငယ်များကို ထောက်ပံ့သူများ၊ သို့မဟုတ် လုပ်ငန်းနှင့် ပတ်သက်သူများ ၏ အိမ်သို့ လည်ပတ်ခြင်းကို ကူညီလုပ်ဆောင်ခြင်း မပြုပါ။

င။ WVI သည် ကလေးမွေးစားခြင်းများကို ကူညီလုပ်ဆောင်ခြင်း မပြုပါ။

စ။ WVI ဝန်ထမ်းသည် အမျိုးတော်ခြင်းမရှိသော ကလေးများနှင့် ဝန်ထမ်းအဖွဲ့ဝင်၏ အိမ်တွင်ဖြစ်စေ၊ အခြားသောနေရာတွင်ဖြစ်စေ တစ်ယောက်တည်း ညလုံးပေါက်မနေရပေ။

ဆ။ ၄င်းသည် စည်းမျဉ်းထက် ချွင်းချက်တစ်ခုဖြစ်သင့်သော်လည်း၊ WVI ဝန်ထမ်းအတွက် ကလေးတစ်ယောက်နှင့် တစ်ယောက်တည်း အချိန်ဖြုန်းဖို့ သင့်လျော်နိုင်သော အခြေအနေအချို့ ရှိကောင်းရှိနိုင်ပေသည်။ WVI ဝန်ထမ်းစောင့်ကြည့်မှု မရှိသောအခြေအနေမျိုးတွင် ကလေးတစ်ယောက်နှင့် တစ်ယောက်တည်း အချိန်မဖြုန်းမီ ကလေးမိဘ သို့မဟုတ် အုပ်ထိန်းသူထံမှ ခွင့်ပြုစာနှင့်အတူ ဆီလျော်သော စောင့်ကြပ်သူကို အသိပေးရမည်ဖြစ်သည်။

ဇ။ ကလေးများပါဝင်သော စီမံကိန်းနေရာတွင် လုပ်ဆောင်မှုအားလုံးကို နှစ်ယောက် သို့မဟုတ် ထို့ထက်ပိုသော လူကြီးများက စောင့်ကြပ်ရမည်။ အချိန်တိုင်းတွင် အနည်းဆုံး လူကြီးနှစ်ယောက်ရှိရမည်။

**၅။ ကလေးများနှင့် ပြောဆိုဆက်ဆံခြင်း**

(က)။ ကလေးများနှင့်ပါတ်သက်သော မြင်တွေ့နိုင်သည့် ဆက်သွယ်ရေးအားလုံးသည် အရုက်ကာကွယ်ထားပြီး လေးစားစရာကောင်းသည့် ပုံရိပ်များသာဖြစ်ရမည်။ သူတို့အား ဒုက္ခသည်အဖြစ်မြင်ရလောက်သည့် ဖော်ပြမှုမျိုးမဖြစ်ရ။ ကလေးများသည် လုံခြုံသောအကျီဝတ်ဆင်ထားပြီး လိင်အသားပေးရိုက်ကူးသည့်ပုံစံမျိုး ရှောင်ကြဉ်ရမည်။ အမိပွါယ်တစ်ခုခုကို ပြသသည့်ပုံစံမျိုး မပြုလုပ်ရ။ သူတို့ကိုစကားပြောရာတွင် သူတို့အားသိမ်ငယ်စေသော အသုံးအနှုံးကိုရှောင်ရမည်။

(ခ)။ ဝက်ဘ်ဆိုက်သည် ကလေးများ၏ဓါတ်ပုံကို စကန်ဖတ်ပြီး အသုံးမပြုရပါ။ သက်ဆိုင်ရာ နိုင်ငံရုံးမှစာဖြင့် ရေးသားထားသော ခွင့်ပြုချက်နှင့် စီမံချက်ရှိ ကလေးများ၏မိသားစုများ/ လူထုများ၏ခွင့်ပြုချက်ဖြင့်သာ လုပ်နိုင်ပါသည်။

(ဂ)။ နိုင်ငံတွင်းရှိ ကလေးငယ်၏ ပုဂ္ဂိုလ်ရေးရာအချက်အလက်များနှင့် ရုပ်ပုံအား ကလေး၏တည်နေရာပြသပြီး World Vision ဝက်ဘ်ဆိုက်တွင် အသုံးမပြုရပါ။ သို့မဟုတ် ကလေးနှင့်ပါတ်သက်သော မည့်သည့်ဆက်သွယ်ရေးပုံစံမျိုးနှင့်မဆို အသုံးမပြုရပါ။

(ဃ)။ WVI ၏ ဒုသမ္မတနှင့် WVI ကလေးသူငယ်အကာအကွယ်ပေးရေး ပူးပေါင်းလုပ်ဆောင်သူနှင့် ဆက်သွယ်ကာ ပူးပေါင်းလုပ်ဆောင်ပြီး ကလေးသူငယ်များအား ကာကွယ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို မီဒီယာများနှင့် မည်သည့်ဆက်သွယ်မှုမဆို ပြုလုပ်ရန်လိုအပ်သည်။

(င)။ WVI မှ ပေးထားသော အင်တာနက်အသုံးပြုခွင့်အား အလွဲသုံးစားပြုလုပ်ခြင်းကို တားမြစ်ထားသည်။ အလွဲသုံးစားပြုလုပ်ခြင်းဆိုသည်မှာ ဝက်ဘ်ဆိုက်များကြည့်ရှုခြင်း၊ အချက်အလက်များဒေါင်းလုဒ်လုပ်ခြင်း သို့မဟုတ် အချက်အလက်များ အင်တာနက်သို့တင်ခြင်းနှင့် ကလေးများနှင့် သက်ဆိုင်သည့် လူမျိုးရေး သို့မဟုတ် လိင်ပိုင်းဆိုင်ရာကြမ်းတမ်းမှု၊ အဝတ်ဗလာ၊ ကိုယ်အင်္ဂါချို့တဲ့မှု၊ ရုက်ဖွယ်၊ ချိန်းခြောက်ခြင်းများ ပါဝင်သည့်အချက်အလက်များ ဖြန့်ဖြူးခြင်း၊ သို့မဟုတ် ရယူခြင်း သို့မဟုတ် WVI ၏ ခရစ်ယာန်ယဉ်ကျေးမှုနှင့် အဓိကတန်ဖိုးထားသည့် အချက်များနှင့် မသင့်တော်သည့် ကိစ္စရပ်များပါဝင်သည်။

(စ) မည်သည့်ပြင်ပအဖွဲ့အစည်း၊ အုပ်စု၊ သို့မဟုတ် တစ်ဦးချင်းမှ World Vision ၏ ဗွီဒီယို သို့မဟုတ် ဓါတ်ပုံများအစရှိသည့် အရင်းအမြစ်များအား တောင်းခံလာပါက WVI PO မှ တရားဥပဒေဆိုင်ရာအရာရှိ၏ လက်မှတ်ရေးထိုးထားသော ခွင့်ပြုချက်နှင့်မှအသုံးပြုရမည်။ ဤသဘောတူညီချက်များသည် အဖွဲ့အစည်း၊ တစ်ဦးချင်းမှ တရားဝင်ပစ္စည်းများ ဌားယူခြင်းသည် သဘောတူညီထားချက်ပေါ် မူတည်ပြီး အသုံးပြုရမည်ဖြစ်သည်။ အချုပ်အားဖြင့် ဤဖော်ပြပါရှိသောအချက်များအား လိုက်နာရန် ပျက်ကွက်ခဲ့ပါက World Vision မှ ခွင့်ပြုထားသည့် ယင်းပစ္စည်းများအား ပြန်လည်သိမ်းယူခြင်းနှင့် ယင်းခွင့်ပြုချက် ချက်ခြင်းရပ်ဆိုင်းခြင်း ပြုလုပ်မည့်အပြင် တရားဥပဒေအရပါ အရေးယူမည်ဖြစ်သည်။

**၆။ စစ်ဆေးခြင်းနှင့် ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

ကလေးသူငယ်များအား လုံခြုံစိတ်ချစေရန်အလို့ငှာ၊ WVI သည် အလားအလာရှိသောဝန်ထမ်းများ၊ လက်ရှိဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ အချိန်ပိုင်းဝန်ထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ဘုတ်အဖွဲ့ဝင်များအားလုံးကို မျှတသောအမှတ်ပေးအစီရင်ခံခြင်းဥပဒေ (FCRA) နှင့် ကယ်လီဖိုးနီးယားဝန်ဆောင်မှုရှာဖွေခြင်း အစီရင်ခံစာဥပဒေများအား မျှတစွာ အသုံးပြုသည်။ ဤစစ်ဆေးခြင်းတွင် နောက်ကြောင်းရာဇဝင်စုံစမ်းခြင်း ( ဥပမာ - လူမှုရေးလုံခြုံမှုနှင့် လိပ်စာစစ်ဆေးခြင်း)၊ ကလေးသူငယ်နှင့်ပါတ်သတ်သည့်ပြစ်မှုမှတ်တမ်း (ဥပမာ- ရာဇဝတ်မှု သို့မဟုတ် မကောင်းသည့်ရာဇဝင်) ၊စိတ်မူမမှန်ခြင်း အစရှိသည်တို့အား စစ်ဆေးသည်။ နောက်ကြောင်းရာဇဝင်စုံစမ်းခြင်းအား ဝန်ဆောင်မှုကိုယ်စားလှယ်မှတဆင့် ပြုလုပ်မည်ဖြစ်သည်။ အကယ်၍ လျှောက်ထားသူ၏ နိုင်ငံသည် သူတို့ကိုယ်တိုင် နောက်ကြောင်းရာဇဝင်စုံစမ်းရန်လိုအပ်ပါက ဝန်ထမ်းမှ ယင်းအချက်အလက်များ မိတ္တူကို ပေးရမည်ဖြစ်သည်။ ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်း နောက်ဆက်တွဲ (က)- WVI ကလေးသူငယ်များ ကာကွယ်ခွင့် ဆိုင်ရာဥပဒေ

**(က) လျှောက်ထားသူအသစ်များ -**

လျှောက်ထားသူအားလုံးသည် "နောက်ကြောင်းရာဇဝင်ထုတ်ပြန်ခြင်းနှင့် ခွင့်ပြုခြင်း" ပုံစံအား သူလျှောက်ထားသည့် အစိတ်အပိုင်းတစ်ခုအဖြစ် လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ လျှောက်ထားသူများအား ရာထူးတစ်နေရာအတွက် အလုပ်မခန့်ထားမီ WVI မှ နောက်ကြောင်းရာဇဝင်စစ်ဆေးမည်ဆိုတာ စဉ်းစားထားရမည်။ အကယ်၍ လျှောက်ထားသူမှ ငြင်းဆန်ပါက WVI မှ အလုပ်ခန့်ထားမှုတွင် ပါဝင်ရန် အရည်အချင်းမပြည့်မီပါ။ လျှောက်ထားသူအသစ်အား WVI သည် ကလေးသူငယ်ကာကွယ်ရေးနှင့် ပါတ်သတ်သည့်ကိစ္စရပ်များအား လွန်စွာအလေးထားပြီး ယခင်အလုပ်ရှင်မှ ထောက်ခံစာနှင့် အခြားသောယဉ်ကျေးမှုဆိုင်ရာ အလုပ်လျှောက်ထားသည့်ဖြစ်စဉ်များကိုလည်း ရယူမည်ဖြစ်ကြောင်း ကြိုတင်အသိပေးထားပါ။

(က) အထွေထွေခန့်ထားခြင်း - ရှင်းလင်းစွာအလုပ်ခန့်ထားမှု ဆက်လက်လုပ်ဆောင်နိုင်ရန် လျှောက်ထားသူ၏ ရရှိလာသော နောက်ကြောင်းရာဇဝင်ရလဒ်ပေါ် မူတည်သည်။

(ခ)။ အရေးပေါ်နှင့် ကယ်ဆယ်ရေးတုန့်ပြန်မှုဆိုင်ရာ ခန့်ထားခြင်း- လျှောက်ထားသူသည် WVI မှ ဝန်ထမ်းအဖြစ်မခန့်ထားမီ ရဲမှုကင်းရှင်းကြောင်းနှင့် စာရွက်စာတမ်းများ မှန်ကန်မှုရှိ/ မရှိ အစစ်ဆေးခံရဦးမည် ဖြစ်သည်။ ရဲမှု ကင်းရှင်းကြောင်း ထောက်ခံစာ ရရှိရန် ကြာသည့်အချိန်မျိုးတွင်၊ လျှောက်ထားသူအား အောက်ပါအခြေအနေများနှင့် ကိုက်ညီပါက အစမ်းခန့်အဖြင့် ချက်ခြင်း ခန့်ထားနိုင်မည်ဖြစ်သည်။

- နိုင်ငံ/ တိုင်းပြည်ရုံးမှ ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ နောက်ကြောင်းစစ်ဆေးခြင်းအား မပြီးဆုံးဘဲနှင့် လျှောက်ထားသူ၏ အလုပ်သက်တမ်းသည် နောက်ကြောင်းရာဇဝင်စစ်ဆေးချက်ရရှိပြီး ရက် ၉၀ အတွင်း အစမ်းခန့် အဖြစ်ရှိနေမည်။
- အခြေခံနှင့် ကလေးသူငယ်ကာကွယ်ခြင်းဆိုင်ရာ အထောက်အထားစစ်ဆေးမှုများအား လျှောက်ထားသူမှ ပြီးစီးသည့်အခါ၊
- လျှောက်ထားသူ၏ ကလေးသူငယ်ကာကွယ်ခြင်းဆိုင်ရာ အင်တာဗျူး စာရွက်စာတမ်းအား အရည်အချင်းရှိသည့် လူစွမ်းအား အရင်းအမြစ် သို့မဟုတ် ကလေးသူငယ်ကာကွယ်ခြင်းဆိုင်ရာ အရာရှိမှ လုပ်ဆောင်ပြီးသည့်အခါ
- အထောက်အထားစစ်ဆေးမှု အားလုံးစစ်ဆေးပြီး၊ အင်တာဗျူးလုပ်ဆောင်ပြီး အခြားအချက်အလက်များနှင့် အတူ သိမ်းဆည်းပြီးသောအခါ
- လက်မှတ်ရေးထိုးထားသောပုံစံအား လျှောက်ထားသူမှ ပေးအပ်ပြီးသောအခါ (အောက်တွင်ကြည့်ပါ။)

(ဂ)။ WVI သည် နိုင်ငံသားစစ်ဆေးခြင်းနှင့် ရဲမှုကင်းရှင်းကြောင်း စစ်ဆေးခြင်းတို့အား လျှောက်ထားသူမှ အလုပ်လက်ခံပြီး ရက် ၉၀ အတွင်း ရရှိရမည်။ ယင်းကဲ့သို့ နောက်ဆုံးအဆင့်စစ်ဆေးချက်များ ရရှိရန်ကြန့်ကြာနေပါက၊ WVI သို့မဟုတ် နိုင်ငံ/ တိုင်းပြည်ရုံးမှ ယင်းဝန်ထမ်းအား လုပ်ငန်းပိုင်းတွင်ငင်း၊ ကလေးများနှင့် အလုပ်လုပ်ဆောင်ရာတွင်ငင်း ကန့်သတ်ခွင့်ရှိသည်။ အကယ်၍ အလုပ်ခန့်ထားပြီး ရက် ၉၀ အတွင်း ယင်းစာရွက်စာတမ်းများမရရှိပါက ဝန်ထမ်းအား ပြန်လည်ခေါ်ယူခြင်း သို့မဟုတ် အလုပ်မှရပ်ဆိုင်းခြင်း ပြုလုပ်မည်ဖြစ်သည်။

**(ခ)။ မမှီခိုသည့်တွဲဖက်လုပ်ဆောင်သူများ/အကြံပေးများ**

(က)။ မမှီခိုသည့်အကြံပေးများသည် WV ၏ ကလေးသူငယ်ကာကွယ်ခြင်းဥပဒေအား လက်မှတ်ရေးထိုးရမည်။

(ခ)။ WV စီမံချက်နေရာ သို့မဟုတ် PO ပေါ်မူတည်ပြီး ၅ ရက် ထက်ပိုပြီး အလုပ်လုပ်ဆောင်ရန်လိုအပ်ပါက ယင်းအကြံပေး များသည် နောက်ကြောင်းရာဇဝင် တင်ပြရမည်။

**(ဂ) လုပ်ငန်းစဉ်များ**

(က)အောင်လက်မှတ်- နောက်ကြောင်းရာဇဝင်အား မစစ်ဆေးမီ၊ WVI လုံခြုံရေးအဖွဲ့သည် အမှတ်ပေးအစီရင်ခံခြင်း ကိုယ်စားလှယ်အား ကြော်ငြာရန်ရေးသားထားသော အောင်လက်မှတ်ပုံစံ ရှိရပါမည်။ ယင်းမှာ WVI မှ ယင်းအချက်အလက်များ အား အလုပ်ခန့်ထားရန်အတွက်သာ အသုံးပြုခြင်းဖြစ်သည်။

(ခ)- ခွင့်ပြုချက်နှင့်ထုတ်ပြန်လွှာ - WVI ဝန်ထမ်း၊ စေတနာ့ဝန်ထမ်း၊ အချိန်ပိုင်း၊ အကြံပေးပုဂ္ဂိုလ်များ၊နှင့် ဘုတ်အဖွဲ့ဝင်များ အားလုံး သည် WVI မိတ်ဖက်ရုံးများနှင့် ပါဝင်ရမည်ဖြစ်ပြီး ယင်းတို့မှ တောင်းခံသည့် နောက်ကြောင်းရာဇဝင် စစ်ဆေးခြင်း ထုတ်ပြန်လွှာနှင့် ခွင့်ပြုချက်ပုံစံတွင် လက်မှတ်ရေးထိုးပြီး WVI ပူးပေါင်းလုပ်ဆောင်သည့် လုံခြုံရေးအဖွဲ့သို့ ပေးပို့ရမည်ဖြစ်သည်။ ယင်းပုံစံတွင် လက်မှတ်ရေးထိုးခြင်းမပြုလုပ်ပါက ၎င်းရာထူးအတွက် မရွေးချယ်ခြင်း သို့မဟုတ် နုတ်ထွက်ခြင်း ပြုလုပ်မည်ဖြစ်သည်။

(ဃ)လျှောက်ထားသူ၊ လက်ရှိဝန်ထမ်းနှင့် စာချုပ်ဖြင့်လုပ်ကိုင်သူ/ အကြံပေးပုဂ္ဂိုလ်များ၏ နောက်ကြောင်းရာဇဝင်စစ်ဆေးခြင်း ရလဒ်များ- WVI သည် နောက်ကြောင်းရာဇဝင် စစ်ဆေးချက်ရရှိပြီးသည်အထိ အစီရင်ခံစာ မိတ္တူစာရွက်များအား ထိန်းသိမ်းထားရှိမည် ဖြစ်သည်။ ယင်းသို့ ပြစ်မှုကင်းရှင်းကြောင်းများအား တစ်ဦးချင်းစီ၏ခွင့်ပြုချက်ပုံစံနှင့် သို့မဟုတ် စာချုပ်ဖိုင်နှင့်တကွ မှတ်သားထားရှိပါမည်။ အကယ်၍ အစီရင်ခံသည့် ကိုယ်စားလှယ်မှ အနုတ်လက္ခဏာရလဒ် ရရှိပါက၊ WVI သည် -

(က) ယင်းအနုတ်လက္ခဏာရလဒ်များကို တစ်ဦးချင်းစီ၄င်း၊ နှုတ်ဖြင့်၄င်း၊ သို့မဟုတ် အီးမေးလ်ဖြင့်၄င်း အသိပေးမည်၊

(ခ) အစီရင်ခံစာအား တစ်ဦးချင်းတွေ့ဆုံဆွေးနွေးသွားမည်။

(ဂ) ယင်းအနုတ်လက္ခဏာရလဒ်များကို တစ်ဦးချင်းစီ၄င်း၊ နှုတ်ဖြင့်၄င်း၊ သို့မဟုတ် အီးမေးလ်ဖြင့်၄င်း ပေးပို့သွားမည်။

(ဃ) သူ/ သူမ၏ အစီရင်ခံစာများအား တစ်ဦးချင်းစီ၄င်း၊ နှုတ်ဖြင့်၄င်း၊ သို့မဟုတ် အီးမေးလ်ဖြင့်၄င်းပေးပို့သွားမည်။

(င) ယင်းအနုတ်လက္ခဏာ ပေးပို့သောကိုယ်စားလှယ်ကိုလည်း တစ်ဦးချင်းစီ၄င်း၊ နှုတ်ဖြင့်၄င်း၊ သို့မဟုတ် အီးမေးလ်ဖြင့်၄င်း ပေးပို့သွားမည်။

(စ) လျှောက်ထားသူ၏ရွေးချယ်ခြင်း မခံရသောရာထူး သို့မဟုတ် နုတ်ထွက်ခြင်းအတွက် ပြန်လည်လုပ်ဆောင်သွားမည် ဖြစ်သည်။ ယင်းကဲ့သို့ ပြန်လည်လုပ်ဆောင်ပြီးလျှင်၊ WVI သည် တစ်ဦးချင်းစီအား နှုတ်ဖြင့်သော်၄င်း၊ စာရေးသားခြင်းဖြင့်သော် ၄င်း၊ အီးမေးလ်ဖြင့်သော်၄င်းပေးပို့သွားမည်။

**(င) လုံခြုံရေးနှင့်ပုဂ္ဂိုလ်ရေးရာ -**

ထပ်မံဆွေးနွေးရန်လိုအပ်သော အစီရင်ခံစာအားလုံးအတွက် WVI လုံခြုံရေးအဖွဲ့သည် စိတ်ချရသောနေရာတွင် ထပ်မံပြုလုပ်မည် ဖြစ်သည်။ လုံခြုံရေးအဖွဲ့၏ ဒါရိုက်တာ၊ WVI ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အရာရှိ၊ PO လူသားအရင်းအမြစ် ဒါရိုက်တာများသည် နောက်ကြောင်းရာဇဝင်စစ်ဆေးခြင်းများအား ကိုင်တွယ်ရသောဝန်ထမ်းများ ဖြစ်ကြသည်။

**၇။ မမှန်ကန်သည့်လုပ်ဆောင်မှုများအတွက် အစီရင်ခံခြင်းလုပ်ငန်းစဉ်များ**

ကလေးငယ်နှင့်ပါတ်သတ်ပြီး မှားယွင်းစွာစီမံခန့်ခွဲခြင်းအားလုံးအား ချက်ခြင်းရှာဖွေစုံစမ်း ဖေါ်ထုတ်မည်ဖြစ်သည်။ ရှာဖွေစုံစမ်းမှုများ အားလုံးအား PO လူသားအရင်းအမြစ်ဒါရိုက်တာနှင့် WVI ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အရာရှိမှ ဦးဆောင် လုပ်ဆောင်သွားမည်ဖြစ်သည်။ WV သည် ဥပဒေအရဆောင်ရွက်ခွင့်ရှိသည်။

(က) ယင်းကဲ့သို့ မမှန်ကန်သည့် မသင်္ကာမှု သို့မဟုတ် အခိုင်အမာပြောဆိုမှုများအား လုပ်ဖေါ်ဆောင်ဖက်ရုံးများမှ PO လူ့စွမ်းအားအရင်းအမြစ် ဒါရိုက်တာသို့ ချက်ခြင်းအစီရင်ခံ တင်ပြသွားမည်ဖြစ်သည်။ ယင်းအခြေအနေအား အတွေ့အကြုံရှိသည့် မည်သည့်ကွင်းဆင်းဝန်ထမ်းမဆို ကလေးပါဝင်နေမှုအတွက် PO လူ့စွမ်းအားအရင်းအမြစ်ဒါရိုက်တာသို့ ဆက်သွယ်နိုင်သည့် နိုင်ငံဒါရိုက်တာထံသို့ တင်ပြသွားရမည်ဖြစ်သည်။ အတွင်းစုံစမ်းစစ်ဆေးခြင်းအား PO လူ့စွမ်းအားအရင်းအမြစ်ဒါရိုက်တာ၊ လူ့စွမ်းအားအရင်းအမြစ်မှ ကိုယ်စားလှယ်၊ တရားရေးနှင့် သင့်လျော်သော အကြီးပိုင်းစီမံခန့်ခွဲသူ (ဥပမာ နိုင်ငံဒါရိုက်တာ၊ အလုပ်သမား၏ ကြီးကြပ်သူ)မှ စတင်ပြုလုပ်သွားမည်ဖြစ်သည်။

(ခ) အီးမေးလ်နှင့် ဆက်သွယ်ချက်အားလုံး၏ အကြောင်းအရာတွင် အရေးကြီးသည်ဟု ဖေါ်ပြရန်လိုအပ်ပြီး အမှန်တကယ် အခြေအနေကိုတော့ မဖေါ်ပြရပေ။ ဥပမာ- "ကလေးသူငယ်လှုံ့မှားစွာ ပြုကျင့်ခံရခြင်းဖြစ်ပွားသည်" ဟုရေးမည့်အစား "အရေးကြီး ကိစ္စရပ်" ဟု ရေးသားဖေါ်ပြရမည်။

(ဂ) တရားလို၏ဆက်ဆံမှု ( ပုံမှန်ဒုက္ခသည်ဟု စွပ်စွဲခံရခြင်းနှင့်/ သို့မဟုတ် မသင့်လျော်မှုအား လုပ်ဆောင်ခဲ့ခြင်းတွင် မျက်မြင်ရှိ့ခဲ့သည့် မည်သူမဆို)- တရားလိုအား ရိုသေလေးစားစွာနှင့် မျှတစွာဆက်ဆံရမည်။ တရားလိုမှ ဖေါ်ပြသောအဆိုအား လုံခြုံစွာ သိမ်းဆည်းထားရမည်။ တရားလိုသည်-

၁။ ဖြစ်နိုင်ချေရှိသည့် အချက်များအားလုံးအတွက် လျို့ဝှက်စုံစမ်းခြင်းတွင် ပါဝင်ရမည်။

၂။ သိထားသော ဖြစ်နိုင်ချေရှိသည့် အချက်များအားလုံးကို ပေးခွင့်ပေးရမည်။

၃။ WVI PO လူ့စွမ်းအားအရင်းအမြစ်ဒါရိုက်တာသည် နိုင်ငံရုံးနှင့်အတူ လုပ်ကိုင်ကာ ယင်းတရားလိုအား ဆက်လက်ကြည့်ရှုခြင်းနှင့် သင့်လျော်သော အကြံဉာဏ်ပေးသည့် ဝန်ဆောင်မှုများပေးရမည်။

(ဃ)။ တရားခံအားဆက်ဆံမှု - စွပ်စွဲခံထားရသော တရားခံအား ရိုသေလေးစားစွာနှင့် မျှတစွာဆက်ဆံရမည်။ တရားခံမှ ဖေါ်ပြသောအဆိုအား လုံခြုံစွာသိမ်းဆည်းထားရမည်။ WVI သည် လျှောက်လဲချက်များနှင့် ရှာဖွေစုံစမ်းမှုအား တစ်ဦးချင်းစီ ပြုလုပ်ရန် အသိပေးသွားမည်။ စွပ်စွဲခံထားရသော တရားခံသည်-

၁။ ရေးသားထားသော စာရွက်စာတမ်းဖြင့် တုန့်ပြန်ခွင့်ရှိသည်။

၂။ အခြားသော ဆီလျော်သည့် အချက်အလက်များနှင့် သက်သေများအား WVI သို့ပေးခွင့်ရှိသည်။

၃။ WVI လုပ်ဆောင်မည့် ခတ္တဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း စသည်တို့ပါဝင်သည့် မကန့်သတ်ထားသော စုံစမ်းစစ်ဆေးမှု နောက်ဆုံးရလဒ်အား လက်ခံရရှိမည်။

(င)။ကိုးကားချက်များနှင့် ပြန်လည်ခန့်ထားခြင်း- မသင့်လျော်သော အမူအကျင့်ဖြစ်ပေါ်မှုကြောင့် ထွက်ခွာခွင့်ပြုခဲ့သောဖြစ်ရပ်တွင်၊ ယင်းကဲ့သို့ ကလေးသူငယ်ကာကွယ်ခြင်း ဖြစ်ရပ်အတွက် ရပ်ဆိုင်းခြင်းအား သင့်လျော်သော ဥပဒေနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ခွင့်ပြုချက်များအရ အခြားသော NGO များသို့ ထုတ်ဖေါ်ပြောခွင့်ရှိသည်။ ယင်းဖြစ်ရပ်တွင် WVI ဝန်ထမ်းသည် ကိုးကားရန်အတွက် ဆက်သွယ်ခြင်းခံရပြီး၊ WVI

ဝန်ထမ်းခန့်ထားရေးသို့ သင့်လျော်သော တုန့်ပြန်မှုအတွက် ပြန်လည်လွှဲအပ်နိုင်သည်။ ဝန်ထမ်းတစ်ဦးသည် ယင်းကဲ့သို့ ကလေးသူငယ်နှင့် ဆိုင်သောလွှဲမှားစွာ ပြုကျင့်ခြင်းဖြစ်ပေါ်လာပါက ၎င်းအား WV မှ ပြန်လည်ငှားရမ်းတော့မည်မ ဟုတ်ပါ။

**၈။ လျှို့ဝှက်ချက်**

ရာဇဝင်ဖော်ထုတ်ရာတွင် ပါဝင်ပါတ်သက်သူအားလုံး အလွန်အမင်း လျှို့ဝှက်ထားရှိရန် သတိပေးထားသည်။ စွပ်စွဲခံရသော ကိစ္စရပ် အတွက် ရာဇဝင်ဖော်ထုတ်သွားမည် ဖြစ်သည်။ တိုင်ကြားမှုအားလုံးအား ပြင်းထန်စွာကိုင်တွယ်သွားမည်ဖြစ်ပြီး သင့်လျော်သော လျှို့ဝှက်မှုဖြင့် ထိန်းသိမ်းသွားမည် ဖြစ်သည်။ မသင့်လျော်သည့် လုပ်ရပ်ဖြစ်ပေါ်ခဲ့သည်ဟု သက်သေမပြမချင်း အလွန်လျှို့ဝှက်စွာဖြင့် ထိန်းသိမ်းရန် အရေးအကြီးဆုံးဖြစ်သည်။ မပါဝင်သူများမှ အသေးစိတ်အချက်အလက်များအား ဆွေးနွေးခြင်း၊ အမြင်များမျှဝေခြင်းအား သည်းခံသွားမည် မဟုတ်ပေ။ အမှားပြင်ဆင်သည့် လုပ်ဆောင်မှုအဆင့်အနေဖြင့် ယင်းကိစ္စရပ်မျိုးတွင် အလုပ်မှရပ်ဆိုင်းသည်အထိ ပါဝင်သည်။

WVI ကလေးသူငယ်ကာကွယ်သည့် အရာရှိသည် အခြားသော WV ရုံးများ ( PO ၊ပြည်နယ်တွင်း၊ အထောက်အပံ့ပေးရေးရုံးများ၊ အစရှိသည်) တို့အား ဆက်သွယ်ရမည့်တာဝန်ခံဖြစ်သည်။ အကယ်၍ သင်သည် ကလေးအားမှားယွင်းစွာ ပြုကျင့်ခံရသော အခြေအနေတွင် ဆက်သွယ်နိုင်မည်ဟု ထင်မြင်နေလျှင်ပင်၊ ပထမဦးစွာ ကလေးသူငယ်ကာကွယ်ရေးအရာရှိ၏ ခွင့်ပြုချက်ကို ရှေးဦးစွာ တောင်းခံရယူရမည် ဖြစ်သည်။ ယင်းအရာရှိသည် အခြေအနေတစ်ခုစီအတွက် သီးခြား"သိရန်လိုအပ်သော" လူများစာရင်းအတွက် တာဝန်ရှိသည်။ ၎င်းတွင် မီဒီယာနှင့်ဆက်သွယ်ခြင်းလည်း အပါအဝင်ဖြစ်သည်။

ခွင့်ပြုသူ: Bev Irwin၊ လူ့စွမ်းအားအရင်းအမြစ်ဌာန ယာယီဒုတိယဥက္ကဌ
စာတမ်းသမိုင်း: မူဝါဒ ၅၄၅ အား ပြင်ဆင်ခြင်း ရက်စွဲ ၁၇ ဩဂုတ် ၂၀၀၁၊
မူဝါဒ ၅၄၅ အား ပြင်ဆင်ခြင်း ရက်စွဲ ၂၃ ဇန်နဝါရီ ၂၀၀၁

# နောက်ဆက်တွဲ ခ:

တုန့်ပြန်မှုအစီအစဉ်: အကယ်၍ ကလေးငယ်တစ်ယောက် သူ (သို့) သူမသည် လွှဲမှားစွာပြုကျင့်ခံခဲ့ရကြောင်း တင်ပြလာလျှင် အချို့ရုံးများသည် တုန့်ပြန်ရန် အသေးစိတ်အစီစဉ်ပါဝင်သော၊ အဆင့် ၁ ကလေးသူငယ်ကာကွယ်မှုဆိုင်ရာ မတော်တဆဖြစ်စဉ် အတွက် လျှာထားသောအစီအစဉ် (L1 CPIPP) ရှိနှင့်ပြီးဖြစ်သည်။ ကလေးသူငယ်ကာကွယ်မှုဆိုင်ရာ တာဝန်ခံအား ယင်းအစီအစဉ်ရှိသလား အရင်ဦးဆုံးမေးမြန်းပါ။ ဒါမှမဟုတ် ကလေးသူငယ် သူ (သို့) သူမမှာ ကိုယ်ကာယ (သို့) လိင်ပိုင်းအရာ အနိုင်ကျင့်ခံရကြောင်း တင်ပြလာပါက World Vision ဝန်ထမ်းအဖွဲ့ဝင်သည် မည်ကဲ့သို့ တုန့်ပြန်ရမည့်ဆိုသည့် အစီအစဉ်ကို ဖေါ်ပြမည်ဖြစ်သည်။

တုန့်ပြန်မှုအစီအစဉ်တွင် အောက်ပါအချက်များပါဝင်သင့်သည်:

- ကလေးငယ်တစ်ယောက် လွှဲမှားစွာပြုကျင့်ခံရသည်ဟု တင်ပြလာပါက၊ ဤဖြစ်စဉ်တွင် ပါဝင်မည့် သင့်လျော်သော World Vision ဝန်ထမ်း (သို့) လုပ်ဖော်ကိုက်ဖက် NGO များ၏ အဆင့်သတ်မှတ်ချက်အသေးစိတ်များ အပါအဝင် လိုက်နာပြုလုပ်ရမည့် အချက်များ။
- ကလေးငယ်အား တုန့်ပြန်မှုအစီအစဉ်ကို မေးခွန်းအနေဖြင့် မည်ကဲ့သို့ရှင်းပြရမည်ကို ဖော်ပြချက်
- လွှဲမှားစွာပြုကျင့်ခံရသည်ဟု တင်ပြလာသောကလေးငယ်အား ကာကွယ်ခြင်းပြုလုပ်ပေးမည့် သင့်တော်သော World Vision ဝန်ထမ်း (သို့) လုပ်ဖော်ကိုင်ဖက် NGO များ၏ဖုန်းနံပါတ်များ။
- လွှဲမှားစွာပြုကျင့်ခံရသည်ဟု တင်ပြလာသောကလေးငယ်အား အနိုင်ကျင့်သူမှ လက်တုန့်ပြန်ခြင်းကို ကာကွယ်ရန် ကာကွယ်မှု ကမ်းလှမ်းခြင်းကို ချက်ခြင်းပြုလုပ်ရမည်ဖြစ်သည်။
- ပြည်တွင်းအကြံပေးခြင်း ဝန်ဆောင်မှုနှင့် ချိတ်ဆက်ပါ။

နိုင်ငံရုံးတစ်ခုစီသည် ဤနေရာတွင် တုန့်ပြန်ရန်အစီအစဉ်များကို ထည့်သွင်းသင့်သည်။

# နောက်ဆက်တွဲ ဂ: သင်ရိုးညွှန်းတမ်းအတွက်လိုအပ်သောအထောက်အပံ့များ

- ဘောလုံး
- ဆုသေးသေးများ
- ပိတ်စသို့လည်စီးအပိုင်းတစ်ခု
- ရောင်စုံဘောလ်ပင်( အနီနှင့်အပြာ)၊ခဲတံ
- ပါဝင်သူတိုင်းအတွက် ကပ်ရန်အမည်ကဒ်ပြား
- သရုပ်ပြကားချပ်စာရွက်
- စာရွက်
- ပါဝင်သူတစ်ယောက်စီအတွက်နေ့စဉ်မှတ်တမ်း (နေ့စဉ်မှတ်တမ်းသည် ပုံမှန်လိုင်းများဖြင့် စာမျက်နှာများများပါသော မှတ်စုစာအုပ် ဖြစ်သင့်သည်)
- နေ့စဉ်မှတ်တမ်းများထည့်ထားရန် သော့ပိတ်သေတ္တာတစ်လုံး
- အိတ်တစ်လုံး
- စတေကာအစက်များ
- ပါတ်စပို့ (သို့) ဗီဇာဓါတ်ပုံ
- သကြားလုံး
- ကပ်ရန်တိပ်
- ကပ်စရာမှတ်စုများ (ကပ်စရာများ)
- ကျွမ်းကျင်သောလမ်းပြလက်စွဲစာအုပ်

# မှတ်စုများ

ကျေးဇူးပြု၍ ဤစာမျက်နှာကို သင့်အသိုင်းအဝိုင်းသို့ ပြန်လည်ရောက်ရှိချိန်တွင် သင်မှတ်မိသောအရာများအား မှတ်စုအဖြစ် ရေးသားရန်အသုံးပြုပါ။

# မှတ်စုများ

ကျေးဇူးပြု၍ ဤစာမျက်နှာကို သင်သင့်အသိုင်းအဝိုင်းသို့ ပြန်လည်ရောက်ရှိချိန်တွင် သင်မှတ်မိသောအရာများအား မှတ်စုအဖြစ်ရေးသားရန်အသုံးပြုပါ။